ပုံစံ(၉)

နုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

နုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၁၂ / ၂၀၂၂ )

| | | |
|---|---|---|
| အလုပ်သမား ဦးအောင်ခင်စိုး ပါ (၄၁)ဦး<br>ဇီးကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။<br>၀၉ - ၄၅၃ ၆၀၈ ၅၈၁ | | နစ်နာ၍တောင်းဆိုသူ |
| | နှင့် | |
| ဦးသိန်းဝင်း ( အလုပ်ရှင် )<br>Peace Myanmar Group Co.,Ltd<br>( အရက်ချက်စက်ရုံ )<br>ဦးဝင်းမြင့် ( AGM )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အမှတ်(၄၂-၆၃ / ၆၄)၊ စက်မှု(၁)လမ်း၊ စက်မှုဇုန်(၁)<br>ရွှေပြည်သာမြို့နယ်။<br>၀၉ - ၂၅၀ ၀၀၃ ၂၄၅ | | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၂ ခုနှစ်၊ မတ် လ ၃၀ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှု(၁)လမ်း၊ အမှတ်(၄၂-၆၃ / ၆၄)ရှိ Peace Myanmar Group Co.,Ltd ( အရက်ချက်စက်ရုံ ) ဦးသိန်းဝင်း(အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့် ( AGM ) နှင့် အလုပ်သမား ဦးအောင်ခင်စိုး ပါ (၄၁)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤနုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Peace Myanmar Group Co.,Ltd (အရက်ချက်စက်ရုံ )၊ ဦးသိန်းဝင်း ( အလုပ်ရှင် ) နှင့် အလုပ်သမား ဦးအောင်ခင်စိုး ပါ (၄၁)ဦးတို့အကြား ရက်မှန်ကြေး တောင်းဆိုရာမှ ဖြစ်ပွားလာသော အငြင်းပွားမှုအား ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားမှုအပေါ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၂)ကြိမ်တိုင်တိုင် ညှိနှိုင်းဖျန်ဖြေပေးခဲ့သော်လည်း ပြေလည်မှု မရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက် ။** အလုပ်သမား ဦးအောင်ခင်စိုး ပါ (၄၁)ဦးအား ရက်မှန်ကြေး ပေးရန်သင့် / မသင့်။

**တွေ့ရှိချက် ။** Peace Myanmar Group Co.,Ltd (အရက်ချက်စက်ရုံ )သည် လုပ်ငန်းနှင့် စီးပွားရေးကောင်းမွန်ချိန်တွင် ရက်မှန်ကြေး ထောက်ပံ့နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာလအတွင်း အရောင်းဆိုင်များပိတ်ရခြင်း၊ သွားလာရေး ခက်ခဲခြင်းနှင့် ငွေကြေးစီးဆင်းမှု အခက်အခဲများကြောင့် (၉/၂၀၂၀)လမှစ၍ ရက်မှန်ကြေး မပေးနိုင်တော့ကြောင်း၊ (၁/၂၀၂၁)လမှစ၍ ရက်မှန်ကြေး ပြန်လည်ပေးရန်စီစဉ်ခဲ့ရာ ယင်းတစ်လသာ ပေးနိုင်ခဲ့ပြီး (၂/၂၀၂၁)လမှစ၍ မပေးနိုင်တော့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် (၇/၂၀၂၁)လမှ (၈/၂၀၂၁)လအတွင်း ပိတ်ရက်များခဲ့သော်လည်း လစာအပြည့် ထုတ်ပေးခဲ့ကြောင်း၊ (၉/၂၀၂၁)လတွင် စက်ရုံလုံးဝပိတ်ထားခဲ့သော်လည်း လစာ၏ ၅၀ % ထုတ်ပေးခဲ့ရာ အလုပ်သမားများအနေဖြင့် အဆင်မပြေဖြစ်ခဲ့ပြီး (၁၀/၂၀၂၁)လမှ (၁၂/၂၀၂၁)လအထိ လစာနှစ်သိန်းအောက် ရရှိသော ဝန်ထမ်းများအား အခြေခံလစာပြည့်၏ ၈၀% ပေးရန်၊ လစာနှစ်သိန်းမှ သုံးသိန်း ရရှိသောဝန်ထမ်းများအား ၇၅ % ပေးရန်၊ အလုပ်ဆင်းရက် (၁၅)ရက် သတ်မှတ်ပြီး အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း၊ (၁/၂၀၂၂) လမှစ၍ အခြေခံလစာအပြည့် + ရက်မှန်ကြေး

၁၀% အပြည့် ပေးရန်၊ မပေးနိုင်ပါက လုပ်သားအင်အား လျှော့ချရန် တောင်းဆိုမှုအား ဆွေးနွေးမှုမပြုဘဲ ရာခိုင်နှုန်းဖြတ်တောက်ရန် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းကော်မတီ( WCC )တွင် ဆွေးနွေးခဲ့ရာ သဘောတူညီမှု ရရှိခဲ့ပါသည်။ အလုပ်ရှင်က (၂၉-၁၂-၂၀၂၁)ရက်နေ့တွင် လုပ်ခလစာခံစားခွင့်နှင့် ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ပြီး အဆိုပါ ကြေညာချက်တွင် ရက်သတ္တပတ်လျှင် (၅)ရက် ( တနင်္လာနေ့မှ သောကြာနေ့အထိ ) အလုပ်လုပ်ရပါက လစာအပြည့် ပေးချေမည်၊ ရက်သတ္တပတ်လျှင် (၆)ရက် ( တနင်္လာနေ့မှ စနေနေ့အထိ ) အလုပ်လုပ်ရပါက ထောက်ပံ့ကြေး အပိုဆုကြေးအဖြစ် လစာ၏ ၁၀% ကို ခံစားရမည်ဖြစ်ကြောင်း ကြေညာချက်အပေါ် အလုပ်သမားများမှ ကျေနပ်မှု မရှိကြောင်း တွေ့ရှိရသည်။ EC စာချုပ်အရ စက်ရုံမှ နေ့လည်စာ ထမင်းကျွေးခြင်းကို (၉/၂၀၂၁)လမှစ၍ ရပ်ဆိုင်းခဲ့သဖြင့် အငြင်းပွားမှုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ စက်ရုံတွင် ဝန်ထမ်း (၁၅၀)ဦးခန့်ရှိရာ ပုံမှန်အတိုင်း နေ့လည်စာ ပြန်လည်ကျွေးစေလိုကြောင်း၊ ရက်မှန်ကြေးကိုလည်း ယခင်အတိုင်း ၁၀ % ပြန်လည်ရယူလိုကြောင်း တင်ပြထားသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်မှလည်း ဝန်ထမ်းများ အလုပ်ခွင် တည်မြဲရေးအတွက် ကြိုးစားရုန်းကန်နေရသည်ဖြစ်သည့်အတွက် အလုပ်သမားများ တောင်းဆိုသော ရက်မှန်ကြေး မပေးနိုင်ကြောင်း ထွက်ဆိုထားပါသည်။

**သုံးသပ်ချက်။** အလုပ်သမား ဦးအောင်ခင်စိုး ပါ(၄၁)ဦးသည် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ရက်မှန်ကြေးသာ တောင်းဆိုခဲ့ပြီး ခုံသမာဓိအဖွဲ့သို့ တောင်းဆိုလွှာ ပေးပို့သည့်အချိန်တွင် နေ့လည်စာ ထမင်းကျွေးရန် တောင်းဆိုမှုပါ တောင်းဆိုထားကြောင်း တွေ့ရှိရပြီး ရွှေပြည်သာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် တိုင်ကြားသူက ရက်မှန်ကြေးပေးရန် တောင်းဆိုမှုကိုသာ တောင်းဆိုခဲ့ပြီး ညှိနှိုင်းဖျန်ဖြေရေးမှလည်း ရက်မှန်

ကြေး တောင်းဆိုမှုကိုသာ လွှဲပြောင်းလာသည့်အတွက် နေ့လည်စာ ထမင်းကျွေးရန် တောင်းဆိုမှုအား ဆုံးဖြတ်ပေးရန် တာဝန်မရှိကြောင်း သုံးသပ်သည်။

စက်ရုံအနေဖြင့် ရက်မှန်ကြေးထုတ်ပေးရေးနှင့် ပတ်သက်၍ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ (၂-၁-၂၀၁၈)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) အပိုဒ် ၆(ည) တွင် " အခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ အလုပ်သမားများ ရထိုက်သော လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး၊ ဆုကြေးနှင့် ရှားပါးစရိတ်စသော အပိုထောက်ပံ့ကြေးများကိုမူ အလုပ်ရှင်များက မိမိတို့ လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်ပေါ်တွင် မူတည်၍ အလုပ်သမားများကို ချီးမြှင့်နိုင်သည် " ဟု ဖော်ပြပါရှိထားကြောင်း တွေ့ရှိရသဖြင့် ရက်မှန်ကြေးသည် အလုပ်ရှင်က လုပ်ငန်းအနေအထားအရ မိမိ၏ထုတ်ကုန် ပိုမိုထွက်ရှိစေရန်အတွက် ရက်ပျက်မရှိ လုပ်ကိုင်မှုအပေါ် ဆုကြေးအဖြစ်ပေးသော သီးခြားခံစားခွင့်သာဖြစ်ကြောင်း သုံးသပ်ရရှိသည်။

အလုပ်သမား ဦးအောင်ခင်စိုး ပါ(၄၁)ဦး၏ ရက်မှန်ကြေးပေးရန် တောင်းဆိုမှုနှင့် ပတ်သက်၍ အလုပ်ရှင်၏ လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်တို့အပေါ်တွင် မူတည်၍ပေးသော အပိုထောက်ပံ့ကြေးများ ဖြစ်၍ ခုံသမာဓိအဖွဲ့၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်အတွင်း မရှိကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက်။** အလုပ်သမား ဦးအောင်ခင်စိုး ပါ(၄၁)ဦး၏ ရက်မှန်ကြေးပေးရန် တောင်းဆိုမှုအား ပယ်ကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( အောင်ကျော်ထွန်းနိုင်ဦး )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်